ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဦးရန်နောင်

လက်ထောက်နည်းပညာမှူးအမည် - ဦးဟိန်းဆက်အောင်


ကမာကေးကျေးရွာအုပ်စု၊ ကမာကေးကျေးရွာ

2018 ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ....3

၂။ ကမာကေးကျေးရွာတည်နေရာပြမြေပုံ....4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း....5

၄။ ကျေးရွာအခြေခံအချက်အလက်များ....5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား....6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ....8

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ....17

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း....18

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)....19

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)....22

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)....23

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)....25

၁၃။ အစည်းအဝေးမှတ်တမ်းများ....26

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ....27

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ....27

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ....28

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Mu Yit Gyi
Chaungzon
Kha Yaik Thit
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair (GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ကမာကေးကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
| --- | --- |
| ကမာကေးကျေးရွာအုပ်စု | ကမာကေးကျေးရွာ |
| | တော်ကပူးကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ကမာကေးကျေးရွာ

ကျေးရွာအုပ်စုအမည် - ကမာကေးကျေးရွာအုပ်စု

လူဦးရေ - ကျား - ၁၂၈၆ ၊ မ ၁၃၀၃၊ စုစုပေါင်း (၂၅၈၉) ဦး

အိမ်ထောင်စု - ၄၇၉စု

ကျန်းမာရေးဆေးပေးခန်း - ကျန်းမာရေးဌာနခွဲ

ပညာရေးအဆောက်အဦး - မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း၊ စေတီ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ကျွဲဘမ်း၊ရေလုပ်ငန်း

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊ ဥယျာဉ်ခြံ

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 4.10.2017 | ကျေးရွာလူထု | 122 | 160 | 282 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 4.10.2017 | ကျေးရွာလူထု | 122 | 160 | 282 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဉစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ များကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 4.10.2017 | ကျေးရွာလူထု | 122 | 160 | 282 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စု များအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 5.10.2017 | ကျေးရွာလူထု | 134 | 162 | 296 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက် လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 5.10.2017 | ကျေးရွာလူထု | 134 | 162 | 296 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များရေးဆွဲခြင်း (Village Development Visioning) | 5.10.2017 | ကျေးရွာလူထု | 134 | 162 | 296 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 5.10.2017 | ကျေးရွာလူထု | 134 | 162 | 296 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ




**ကမာကေးကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကမာကေးကျေးရွာအုပ်စု ကမာကေးကျေးရွာတွင် အိမ်ထောင်စု (၄၇၉) စုရှိပြီး မွန်လူမျိုးအများစု နေထိုင်ကြပါသည်။ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများ လုပ်ကိုင်ကြပြီး ကိုယ်ပိုင်လုပ်ငန်းမရှိသော အိမ်ထောင်စုများမှာ နေ့စားကျဘမ်း အလုပ်သမားများလုပ်ကိုင် ကြသည့် အပြင် နိုင်ငံရပ်ခြားသို့ ထွက်၍ သွားရောက် အလုပ်လုပ်ကိုင်ကြပြီး အသက်မွေးဝမ်းကျောင်းမှုများ ပြုကြပါသည်။

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိပြီး ကျေးရွာအဝင်ဝတွင် အောက်ကျောင်းနှင့် ကျေးရွာ၏တောင်ဘက်အမြင့်ပိုင်းတွင် မဟူတ်ကျောင်းရှိပါသည်။ ဘုန်းတော်ကြီးကျောင်းများမှာ စေတီနှင့်တွဲလျှက်တွေ့ရှိပါသည်။ ပညာရေးအဆောင်အဦး အနေဖြင့် မူလတန်းကျောင်း (၂) ကျောင်း အထကကျောင်း ၊ မူကြိုကျောင်းများ ရှိသောကြောင့် ကျေးရွာအတွင်းရှိ ကလေးများ အလွယ်တကူ ပညာသင် ကြားနိုင်သည့်အပြင် ရွာခြင်း ဆက်ကျေးရွာဖြစ်သော တော်ကပူး ကျေးရွာ အပြင် အခြားကျေးရွာများမှ ကလေးများပါ လာရောက် ပညာသင်ကြား နေသည်ကိုတွေ့ရှိရပါသည်။ ကျေးလက်ဆေးပေးခန်း၊ သားဖွားခန်း ၊ စာကြည့်တိုက် ၊ အရံမီးသတ်ရုံးတို့ကို ဆောက်လုပ်


ထားပါသည်။ ကျေးလက်ဆေးပေးခန်း ရှိသည့် အတွက် အခြေခံ ကျန်းမာရေးဖြစ်ပေါ် လာပါက ကျေးရွာ အတွင်း၌ ကုသမှုပြု နိုင်ပါသည်။

ကျေးရွာ၏ရွာပါတ်လမ်း များသည် ကတ္တရာလမ်းများ ဖြစ်ကြပါသည်။ တချို့လမ်းများသည် ကွန်ကရစ်လမ်းများ ဖြစ်ပြီး အချို့လမ်းများသည် မြေနီလမ်းများဖြစ်သည့် အတွက် မိုးရွာသည့် အခါ လမ်းများသည့်ပွက်ထ၍ သွားလာရ ခက်ခဲပါသည်။ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စက်ဝန်းတွင် ကျေးရွာအတွင်းရှိ အဓိကကျသောလမ်း (၂) လမ်းကို ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက် ခဲ့ပါသည်။ ကမာကေးကျေးရွာတွင်ရေတွင်း များသည် စုပေါင်းသုံးစွဲ ရန်အတွက်သာ ရှိသော်လည်း လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် ရေစဉ်တည် ဆောက်ခြင်း ၊ ရေ ပိုက်သွယ်တန်းခြင်း ၊ ရေစုကန် ပြုပြင်ခြင်း၊ ဒုတိယနှစ်စက်ဝန်းတွင် အဝီစိတွင်း (၂) တွင်းတူး ဖေါ်ခြင်း၊ ရေပိုက်သွယ်တန်းခြင်း ရေစုကန် တည်ဆောက်ခြင်း လုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် အတွက် သောက်သုံးရေ အခက်အခဲ ကို များစွာ လျော့ချနိုင်ခဲ့ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုရာတွင် ရေငန်များ ဝင်ရောက်တတ်ခြင်း ၊ပိုးကျ၍ သီးနှံများပျက်စီးခြင်း၊ ရေကာတာများ ပျက်စီးခြင်းကြောင့် လယ်ယာထဲသို့ ရေများဝင်ရောက်ပြီး စပါးအထွက်နှုန်းလျော့ကျလာပြီး စားဝတ်နေရေး အဆင်မပြေသည့် အခက်အခဲများနှင့် တွေ့ကြုံရင်ဆိုင် နေရပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စု တစ်ချို့မှာ ရေလုပ်ငန်း ဖြင့် အသက်မွေးကြပြီး ၊ တစ်ချို့ အိမ်ထောင်စုများမှာ အလုပ်အကိုင်အခွင့် အလမ်းရှားပါးသောကြောင့် ကျဘမ်းအလုပ်အကိုင်များ လုပ်ကိုင်ကြပြီး နိုင်ငံရပ်ခြားသို့ ထွက်ခွာ၍ ကျဘမ်းအလုပ် လုပ် ကိုင်နေကြသော သူများလဲရှိ ပါသည်။

ကမာကေးကျေးရွာတွင် အများအားဖြင့် အခြေခံအဆောက်အဦးများမှာ ပြည့်စုံလုံလောက်မှု ရှိသော်လည်း ကျေးရွာတွင်နေထိုင်သော လူထုများမှာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများမှာ ကိုယ်တိုင်ပါဝင် ဆောင်ရွက်လာသောလည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ၄င်းတို့ အချင်းချင်း ပူးပေါင်းလုပ် ကိုင်ပြီး အကောင်အထည် ဖေါ်သည့် လုပ်ငန်းစဉ်များအား လေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ သို့မှသာ ကျေးရွာ၏ရေရှည် ဖွံ့ဖြိုးတိုးတက်လာမှု များ ဖြစ်ထွန်းအောင်မြင် လာမည် ဖြစ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှုအတွက်လည်း အသက်မွေးဝမ်းကြောင်းနှင့် ပတ်သတ်သည့် ပညာရပ်ဆိုင်ရာသင်တန်းများ အား ကျေးရွာလူထု အား ပံ့ပိုးပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ လိုအပ်နေကြောင်း လေ့လာ သုံးသပ်ရပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြပန်ကားချပ်




### ကမာကေးကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်

ကမာကေးကျေးရွာ၏ ကျေးရွာအုပ်ချုပ်မှုအဖွဲ့သည် ကျေးရွာတွင် သြဇာနှင့် လုပ်ပိုင်ခွင့်အပြည့်ရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ကျေးရွာနှင့်ကျေးရွာလူထုအပေါ် အကျိုးပြုပြီး ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့်လည်းချိတ်ဆက်၍ ကျေးရွာတွင် လိုအပ်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်နေသော အဖွဲ့အစည်းဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်းနှင့်အတူပူးပေါင်း၍ ကျေးရွာ၏ အမှန်တစ်ကယ်လိုအပ်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကိုအောင်မြင်အောင် အဘက်ဘက်မှကူညီဆောင်ရွက်ပေးနေသော အဖွဲ့လည်းဖြစ်ပါသည်။

နာရေးကူညီမှု အသင်းသည်လည်း ကျေးရွာ၏ နာရေး ကိစ္စ အဝဝ နှင့် ပါတ်သတ်၍ အမြဲက ကူညီပေးနေသော အဖွဲ့ဖြစ်သည်။ နာရေးကူညီမှု အဖွဲ့သည်လည်း ကျေးရွာလူထုနှင့် အတူပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ကြပါသည်။ သွေးလှူရှင် အဖွဲ့သည်လည်း ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပရှိ သွေးလိုအပ်သော လူနာများကို သွေးကူညီ ပေးနေသော အဖွဲ့ဖြစ်ပါသည်။ ကျေးရွာတွင် ဂေါပကအဖွဲ့ ၊ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၊ကျေးရွာမီးလင်းရေးအဖွဲ့ ၊ကျောင်းကော်မတီ၊ မီးသတ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့များသည် ကျေးရွာအုပ်ချုပ်မှု အဖွဲ့နှင့် ပူပေါင်း၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ချိတ်ဆက်၍ လုပ်ဆောင်နေသော အဖွဲ့ အစည်းများ ဖြစ်ကြပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



အုပ်စု - ကမာကေး
ကျေးရွာ - ကမာကေး

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| 1. | က | လယ် ၂၀ ဧက အထက်၊ တိုက်အိမ်၊ ဆိုင်ကယ်၊ ကား၊ ကုန်စုံဆိုင်ကြီး နွား ၂ ကောင် | ၁၀ |
| 2. | ခ | လယ် ၁၂ ဧက၊ သစ်အိမ်၊ ဈေးဆိုင်ငယ်၊ ရေစက်လှေ၊ ဆိုင်ကယ်၊ ထော်လာဂျီ | ၂၀၀ |
| 3. | ဂ | ဝါးအိမ်၊ တံငါလုပ်၊ လက်လုပ်လက်စား၊ မြေယာပိုင်ဆိုင်မှုမရှိ၊ ဝေါင်၊ ကျွဲ | ၂၆၉ |

**ကမာကေးကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**


ကမာကေးကျေးရွာအုပ်စု ကမာကေးကျေးရွာတွင် အိမ်ထောင်စု (၄၇၉) စုရှိပါသည်။ အဓိက အသက်မွေးဝမ်းကျောင်း လုပ်ငန်းအနေဖြင့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အိမ်ထောင်စု (၁၀) စုမှာ လယ် (၂၀) ဧကနှင့် အထက်၊ ရာဘာခြံ (၂) ဧကနှင့် အထက် ၊ တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ ကုန်စုံဆိုင်ကြီး၊ နွား (၂) ကောင်နှင့်အထက်၊ အိမ်ခြံမြေများ ပိုင်ဆိုင်မှုရှိပြီး ဓနအင်အားအဆင့် သတ်မှတ်ချက်အရ (က) အဆင့်တွင် ရှိသော ချမ်းသာသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။

အိမ်ထောင်စု (၂၀၀) မှာ လယ်(၁၀) ဧကနှင့် အထက်၊ ပျဉ်ထောင်သွပ်မိုးအိမ်၊ ထော်လာဂျီ ၊ဈေးဆိုင်ငယ်များ ပိုင်ဆိုင်မှုရှိ ပြီး ဓနအင်အား အဆင့်သတ်မှတ် ချက် အရ (ခ) အဆင့်တွင် ပါဝင်ပြီး အသင့် အတင့် ချမ်းသာသူများ ဖြစ်ကြပါသည်။ အိမ်ထောင်စု (၂၆၉) စုမှာ သစ်အိမ်၊ ဝါးအိမ်၊ စက်ဘီး

များပိုင်ဆိုင်ကြပြီး ခနအင်အား အဆင့်သတ်မှတ်ချက်အရ (၈) အဆင့် တွင် ပါဝင်၍ တစ်ချို့မှာ မြေယာပိုင်ဆိုင်သူများ မရှိကြပဲ နွမ်းပါးကြသူများ ဖြစ်ကြပါသည်။

ကျေးရွာ၏ သုံးပုံ နှစ်ပုံခန့်မှာ နွမ်းပါးကြသည်ကို တွေ့ရပါသည်။ ထိုသို့ ဖြစ်ရသည်မှာ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာများ တတ်မြောက်မှု နည်းပါးခြင်း သီးနှံများ ပျက်စီး၍ စားဝတ်နေရေး မပြေလည်သည့် အခက်အခဲများကြောင့် ဖြစ်ကြောင်း သုံးသပ် ရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



## ကမာကေးကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

ကမာကေးကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေး ခဲ့ပါသည်။

၁။ အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများမှာ အမျိုးသမီးများထက် အခွင့်အလမ်း ပိုများကြပါသည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများကို ပိုမိုလုပ်ကိုင်နေရသောကြောင့် အမျိုးသားများနှင့် ယှဉ်လျှင် အခွင့်အလမ်းရှားပါးကြပါသည်။ လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖေါ်သော ကျေးရွာဖွံ့ဖြိုး လုပ်ငန်းများအကောင်အထည်ဖေါ်သည့် အချိန်တွင်မှုဝင်ရောက်လုပ်ကိုင်ကြပြီး အလုပ် အကိုင်အခွင့်အလမ်းများရရှိကြပါသည်။

၂။ ခေါင်းဆောင်မှု

ခေါင်းဆောင်မှုကဏ္ဍတွင် အမျိုးသားများက အမျိုးသမီးများထက် ပိုမိုများပြားပါသည်။ အမျိုးသမီး အများစုသည် အိမ်မှုကိစ္စများ လုပ်ကိုင်နေရသောကြောင့် အားနည်းရခြင်းဖြစ်ပါသည်။ အမျိုးသမီးများ ကိုယ်တိုင်ကလည်း ခေါင်းဆောင်မှုအပိုင်းသည် အမျိုးသားများနှင့်သာ သက်ဆိုင်သည်ဟု ယူဆထားနေကြသည်။ လူထုဗဟိုပြုစီမံကိန်းမှကျေးရွာလူထု၏သဘောဆန္ဒဖြင့် ရွေးချယ် တင်မြှောက်ထားသော ကျေးရွာစီမံကိန်း အဖွဲ့ဝင်အမျိုးသမီးများသည်သာ ခေါင်းဆောင်မှု အပိုင်းတွင် မြင့်တက်လာပြီး ကျန်အမျိုးသမီးများမှာ ခေါင်းဆောင်မှုပိုင်း အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။

၃။ ဝင်ငွေရရှိမှု

ဝင်ငွေရရှိမှုသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက် အချိုးကျမှု ရှိနေသည်ကို တွေ့ရပါသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့် အလမ်းတွင် အမျိုးသမီးများထက် သာသောကြောင့် ဝင်ငွေရရှိမှု အပိုင်းမှာလည်း အမျိုးသားများမှာ အမျိုးသမီးများထက် ပိုမိုရရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းတွင် တူညီသောအလုပ်အတွက် တူညီသော လုပ်အားခပေးချေမှုမှာ တန်းတူဖြစ်သောလည်း လုပ်ငန်း အားလုံးနီးပါးတွင် လုပ်အားခပေးချေမှုမှာ အမျိုးသမီးများထက် အမျိုးသားများက ပိုမိုရရှိခြင်းကြောင့်လည်း ဝင်ငွေရရှိမှု အပိုင်းတွင် အမျိုးသားများက ပိုမိုရရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

၄။ အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်၍ လုပ်ကိုင်နေရသည်ကို တွေ့ရှိ ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ကာဆောင်ရွက်လုပ်ကိုင် နေသောကြောင့် ဖြစ်သည်။ အမျိုးသားများလည်း အိမ်မှုကိစ္စ များကို ဝိုင်းဝန်းလုပ်ကိုင်လာသည်ကိုလည်း တွေ့ရပါသည်။

၅။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ဤကဏ္ဍတွင် အမျိုးသားအမျိုးသမီးများသည် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှု သိပ်မကွာကြပါ၊ အတူတကွ ရှာဖွေစုဆောင်းပြီး ရရှိလာသော ပစ္စည်း ဥစ္စာများအား အတူတကွ သုံးစွဲကြပါသည်။

၆။ လုံခြုံမှု

ဘဝလုံခြုံမှု အပိုင်း ကိုလေ့လာရာတွင် အမျိုးသားများမှ ပိုမိုမြင့်မားသည်ကို တွေ့ရပါသည်။ လေ့လာသုံးသပ်ချက်များအရ အမျိုးသမီးများ ဘဝလုံခြုံမှု နိမ့်ကျနေခြင်းမှာ မိဘဆွေမျိုးများနှင့် ပတ်ဝန်းကျင် ကြောင့် ၄င်းတို့၏ စိတ်ပိုင်းဆိုင်ရာ ခံစားချက်များကြောင့် လုံခြုံမှု အားနည်းနေသည်ဟု ခံစားနေရခြင်း ကြောင့် ဖြစ်ကြောင်းတွေ့ရှိ ရပါသည်။

၇။ ပညာသင်ကြားခွင့်

ပညာသင်ကြားခွင့်တွင် အမျိုးသားနှင့်အမျိုးသမီး တန်းတူအခွင့် အရေးရရှိကြပါသည်။မိဘများမှ မိမိသားသမီးများအား ပညာရေးကို အားပေးကြပြီး ပညာရေးဆုံးခန်းတိုင်သည် အထိ ပံ့ပိုးပေးကြ ပါသည်။

၈။ ရပ်ရွာအရေးကိစ္စများတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်

ဤကဏ္ဍတွင် အမျိုးသားများမှ ဦးဆောင်နေသောလည်း အမျိုးသမီးများနှင့် သိပ်မကွာပါ ၊ကျေးရွာဖွံ့ဖြိုးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများလည်း ပိုမိုပါဝင်လာပြီး ရပ်ရွာအရေး ကိစ္စရပ်များတွင် ဆုံးဖြတ်ချက်ချလာ သည်ကို တွေ့ရှိရပါသည်။


၉။ အရင်းအမြစ်များကိုစီမံခန့်ခွဲအသုံးပြုမှု

ဤကဏ္ဍတွင် အမျိုးသားများမှ ဦးဆောင်နေသောလည်း အမျိုးသမီးများနှင့် သိပ်မကွာပါ ကျေးရွာ၏အရင်းမြစ်များကို စီမံခန့်ခွဲ အသုံးပြုရာတွင် အမျိုးသမီးများလည်း ပိုမိုပါဝင်လာသည်ကို တွေ့ရှိရ ပါသည်။

၁၀။ ရပ်ရွာအရေးကိစ္စများတွင်ပါဝင်ခွင့်

ဤကဏ္ဍတွင် လည်း အမျိုးသားများမှ ဦးဆောင်နေသောလည်း အမျိုးသမီးများနှင့် သိပ်မကွာပါ အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရပ်ရွာအရေးကိစ္စများတွင် ပါဝင်ဆောင်ရွက် လာသည်ကို တွေ့ရှိရပါသည်။

## ၆.၅ ရာသီခွင်ပြဇယား



**ကမာကေးကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**


ရာသီဥတုအနေဖြင့် တန်ခူးလတွင် ပိုမိုပူပြင်းပြီး ဝါခေါင်လတွင် မိုးများပါသည်။ ပြာသိုလတွင် အအေးဆုံးလဖြစ်ပါသည်။ တန်ခူးလတွင် အလွန်ပူပြင်းပြီး သောက်သုံးရ ရှားပါးပါသည်။ ကဆုန်နှင့် နယုန်၊ ဝါဆို၊ ဝါခေါင်၊ လများတွင် ရာသီဥတု အပြောင်းအလဲများကြောင့် ဖျားနာမှုများ ကြပါသည်။ ရေစီးရေလာ သိပ်မကောင်း၍ ခြင်များပေါက်ဖွားကာ ကျန်းမာရေးအခက်အခဲများ တွေ့ကြုံနေရပါသည်။ ဆေးဝါးအထောက်အကူ နည်းပါးနေသေး၍လည်း ကျန်းမာရေးနှင့် ပါတ်သတ်သော အခက်အခဲများ ကြုံတွေ့နေ ရပါသည်။

တန်ခူးလ၊ တော်သလင်းလ ၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ ပြာသိုလ ၊ တပို့တွဲလ၊ တပေါင်းလများတွင် ဘုရားပွဲ၊ တရားပွဲ၊ နှင့် ရိုးရာပွဲတော်များ ရှိပါသည်။ ကဆုန်လတွင် လယ်ယာထွန်ယက် စိုက်ပျိုးကြပါသည်။ သီတင်းကျွတ် နှင့် တန်ဆောင်မုန်း လ များတွင် စပါး ရိတ်သိမ်းကြပါသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်ခြင်း ဖြင့် ရရှိသော တစ်နှစ်ဝင်ငွေ အနေဖြင့် (၅) သိန်းခန့် ရှိပါသည်။ ရေလုပ်ငန်း ကို တစ်နှစ်ပါတ် လုံး လုပ်ကိုင် စားသောက်ကြ ပြီး တစ်နှစ်ဝင်ငွေ မှာ (၃) သိန်းခန့် ရှိပါသည်။ နေ့ စား ကျဘမ်း လုပ်ကိုင်မှုမှာလည်း တစ်နှစ်ပါတ်လုံး လုပ်ကိုင်ကြပြီး ကျေးရွာတွင်းသာမက အခြားသောကျေးရွာများ နိုင်ငံရပ်ခြား များသို့ သွားရောက်၍လုပ်ကိုင် စားသောက်နေကြသော အိမ်ထောင်စုမှာ (၅၀) ခန့် ရှိပြီး တစ်နှစ်တာ ဝင်ငွေမှာ (၃) သိန်းခန့်ရရှိပါသည်။ တပေါင်း၊ တခူး ၊လတွင် ကျေးရွာတွင် နှစ်စဉ် ကျင်းပသော ကျိုက်မဟွတ် ဘုရားပွဲကို ကျင်းပကြပါသည်။

တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ရာသီဥတု ပူပြင်းသည့်အတွက် ရေရှားပါး သည့် အခက်အခဲ နှင့် ကြုံတွေ့ရပါသည်။ မွေးမြူရေးလုပ်ငန်း များကို တစ်နှစ်ပါတ်လုံး လုပ်ကိုင်ကြပြီး အမျိုးသမီး (၁၀%) ခန့်ပါဝင်လုပ်ကိုင်ကြပြီး ဝင်ငွေ အနေဖြင့် တစ်နှစ်လျှင် (၂) သိန်း ကျော်ခန့် ရှိကြောင်းသိရပါသည်။ အခက်အခဲ အနေဖြင့် မွေးမြူရေး လုပ်ငန်းသုံး ပစ္စည်းများ ဈေးကြီးခြင်း တိရိစ္ဆာန် အစာစရိတ် ကြီးမားခြင်း စသော အခက်အခဲ ပြဿနာများရှိပါသည်။

စပါးစိုက်ပျိုးသည့် ကဆုန်၊ နယုန်၊ လများနှင့် ကျေးရွာပွဲတော်များ ပုံမှန်ကျင်းပလေ့ရှိသည့် ပြာသို၊ တပို့တွဲ၊ နှင့် တန်ခူးလတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ကျေးရွာလူထုများ မအားလပ်သဖြင့် လူထုပူးပေါင်း ပါဝင်မှု အပြည့်အဝ ရရှိနိုင်မည် မဟုတ်ပေ။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



**ကမာကေးကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ကျေးရွာတွင်ရှိသော အခြေခံအဆောက်အအုံများ နှင့် အရင်းအမြစ် များကို အမျိုးသား နှင့် အမျိုးသမီး များအတူတူပိုင်ဆိုင်ကြသည်ကို တွေ့ရှိရပါသည်။ သားဖွားခန်းသာ အမျိုးသမီးသီးသန့် ပိုင်ဆိုင်သလို ဖြစ်နေပါသည်။ အခြေခံအဆောက်အအုံများနှင့် အရင်းအမြစ် များ ထိန်းချုပ်မှုတွင်လည်း အမျိုးသား အမျိုးသမီးများ နှစ်ဦးစလုံး ထိန်းချုပ်မှုရှိသည်ကို တွေ့ရှိရပြီး ဈေး၊ ချောင်း၊ ရေတွင်း ဘောလုံးကွင်း၊ လယ်ယာမြေ များကို အမျိုးသားများက ပိုမို ထိန်းချုပ်ထားသည် ကို တွေ့ရှိရပါသည်။ ကျေးရွာရှိ သားဖွားခန်း ကိုတော့ အမျိုးသမီးများက ထိန်းချုပ်ထားပါသည်။ အမျိုးသမီးများ ထိန်းချုပ်မှု ပိုင်းတွင် အားနည်းရသည့် အကြောင်းအရင်းမှာ အမျိုးသမီး များသည် အိမ်မှုကိစ္စများ ကိုသာ ဦးစားပေး လုပ်ကိုင်နေခြင်းကြောင့်ဖြစ်ပါသည်။ လူထုဗဟိုပြုစီမံကိန်း ကျေးရွာလူထုနှင့်အတူ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖေါ်ဆောင်ရွက်ရန် ကျေးရွာသို့ရောက်ရှိလာပြီးနောက် အမျိုးသမီးများသည် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားပရဟိတလုပ်ငန်းများတွင်လည်း ဝင်ရောက် ဦးဆောင်၍ ဆောင်ရွက် နေကြသည်ကိုလည်း တွေ့ရှိရပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| | အမည် | တာဝန် | ကော်မတီ |
|---|---|---|---|
| ၁။ | ဦးတင်အောင် | ဥက္ကဋ္ဌ | စီထောက် |
| ၂။ | ဒေါ်တင်မာရီ | ဥက္ကဋ္ဌ | |
| ၃။ | ဒေါ်သီရိမေ | ကိုယ်စားလှယ် | |
| ၄။ | ဦးကျော်ဝင်း | ခေါင်းဆောင် | ဝယ်ယူရေး |
| ၅။ | ဦးဝင်းမြင့် | အဖွဲ့ဝင် | |
| ၆။ | ဒေါ်တင်မိုးနိုင် | အဖွဲ့ဝင် | |
| ၇။ | ဒေါ်အေးအေးမော် | ခေါင်းဆောင် | စောင့်ကြည့်ကြီးကြပ်ရေး |
| ၈။ | ဦးရွှေထွန်း | အဖွဲ့ဝင် | |
| ၉။ | ဒေါ်စန္ဒာလင်း | | |
| ၁၀။ | ဦးခင်မောင်လွင် | ခေါင်းဆောင် | လည်ပတ်ထိန်းသိမ်းရေး |
| ၁၁။ | ဦးသက်ထွန်း | အဖွဲ့ဝင် | |
| ၁၂။ | ဒေါ်ဝင်းမာကြည် | | |
| ၁၃။ | ဦးလှမြင့် | ခေါင်းဆောင် | အကြံပြုတိုင်ကြားရေး |
| ၁၄။ | ဒေါ်စိုးစိုးအေး | အဖွဲ့ဝင် | |
| ၁၅။ | ဒေါ်အေးမြင့် | အဖွဲ့ဝင် | |
| ၁၆။ | ဒေါ်ခင်နှင်းလွင် | | စေတနာ့ဝန်ထမ်း |
| ၁၇။ | ဦးအုံးသွင် | | |
| ၁၈။ | ဒေါ်မေမြင့်ဝေ | | စာရင်းကိုင် |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးအောင်ဝင်း | 09-452481066 | ဦးညွန့်ဆောင် | |
| **ပြည်နယ်၊တိုင်းဒေသကြီး** | **မြို့နယ်** | **ကျေးရွာအုပ်စု** | **ကျေးရွာ** |
| မွန် | ချောင်းဆုံ | ကမာကေး | ကမာကေး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --မွန်---- | 479 | ဘာသာ (၁) --ဗုဒ္ဓ---- | 479 |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |

| | အရေအတွက် | | |
|---|---|---|---|
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (  နှစ် နှင့် အထက်) | ၂၂၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---မွန်--- | 1286 | 1303 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 307 | 172 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☑ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☑ |
| [illegible] ဆရာ/မ | ☑ | ☑ | [illegible] ကျန်းမာရေးဆရာမ | ☑ | ☑ | [illegible] မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☑ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　ကတ္တရာလမ်း　ကွန်ကရစ်လမ်း　မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　မြေသားလမ်း　လူသွားလမ်း　အခြား ____________


(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　နှစ်-2015/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး



(၁) ဤကျေးရွာ၏ပေဟိုမှ ၎င်းကျေးရွာအုပ်စု၏ပေဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပေဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် ---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်
ဤကျေးရွာတွင် ငလျင်လှုပ်ခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။
☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဗဟိုပြုစီမံကိန်းမဝင်ခင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----------
(၂) ----------
(၃)

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း
ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည်

လက်မှတ် နေ့စွဲ 2.10.2017

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ 2.10.2017

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး၇န်နောင်

နေ့စွဲ 4.10.2017

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ရှန် | မြို့နယ် လေချားဒ် | ကျေးရွာအုပ်စု ကမာကေး | ကျေးရွာ ကမာကေး

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 4.10.2017 | 4.10.2017 | 122 | 160 | 280 | [illegible]-280 | 479 | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 5.10.2017 | 5.10.2017 | 134 | 162 | 296 | [illegible]-296 | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 17.10.2017 | 17.10.2017 | 13 | 13 | 26 | [illegible]-26 | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 14.11.2017 | 23.11.2017 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | [illegible] 2.1.2018 | 2.1.2018 | 132 | 158 | 290 | [illegible]-290 | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 10.1.2018 | 10.1.2018 | 120 | 164 | 284 | [illegible]-284 | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 2.1.2018 | 2.1.2018 | 6 | 7 | 13 | [illegible]-13 | | |
| ၆.၃။ အလုပ်သမားရေးကုန်ကျမှု လျှော့ထားအစီအစဉ် ရေးဆွဲခြင်း | 3.1.2018 | 3.1.2018 | 6 | 6 | 12 | [illegible]-12 | | |
| ၆.၄။ ပြုပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | |
| ၉။ လူလုပ်စစ်ဆေးပွဲအစည်းအဝေး | | | | | | | | |

## ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဂျွန်ကျော

နေ့စွဲ 5.10.2017

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ချင်း | ထွန်းဇံ | ကမာကေး | ကမာကေး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်း၊ ရေ၊ မီး မပြည့်စုံသောကြောင့် လမ်းများ ချွန်စီးရှိ၍ သွားလာရခက်ခဲခြင်း။ | ၁ | လမ်း၊ ရေ၊ မီး မပြည့်စုံသောကြောင့် လမ်းများ ချွန်စီးရှိ၍ သွားလာရခက်ခဲခြင်း။ |
| ၂ | အမှိုက်များ ဖိတ်ဆိုနေ၍ ရေဆိုးရေလာ မကောင်းသည့် အခက်အခဲ | ၂ | ရေသွားပါ၍ သောကြောင့် သောက်သုံးရေ ဝေကောင်းသည့် အခက်အခဲ |
| ၃ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည့်အတွက် ငွေရေးကြေးရေး ပါးသည့်အခက်အခဲ | ၃ | အမှိုက်များ ဖိတ်ဆို၍ နေရာရှိ ရေဆိုးရေလာ မကောင်းခြင်း အခက်အခဲ |
| ၄ | ဈေးကောင်း ရနိုင်ရေး အခက်အခဲရှိခြင်း | ၄ | အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် ငွေကြေး ပါးသည့်အခက်အခဲ |
| ၅ | လေ့ကျင့်ရေးကျောင်းနှင့် ကျောင်းသား ဦးရေ များပြားခြင်းကြောင့် စာသင်ခန်း ရန် အခက်အခဲရှိခြင်း | ၅ | ဈေးကောင်း ရနိုင်ရေး အခက်အခဲရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာ လမ်းများ အားလုံး ကောင်းမွန်လာတော့မည်။ | ၁ | ကျေးရွာတွင်း လမ်းများ အားလုံး ကောင်းမွန်လာတော့မည်။ |
| ၂ | ရေဆိုးရေလာ ကောင်းမွန်သောရွာ ဖြစ်ရမည် | ၂ | သောက်သုံးရေ ရရှိမှု ပြည့်စုံလာ ရှိလာရမည် |
| ၃ | အလုပ်အကိုင် အခွင့်အလမ်း ပေါများလာရမည် | ၃ | ရေဆိုးရေလာ ကောင်းမွန်သော ရွာ ဖြစ်ရမည် |
| ၄ | ဆန်စက်ရှိသော ဈေး ရှိလာရမည် | ၄ | အလုပ်အကိုင် အခွင့်အလမ်း ပေါများလာရမည် |
| ၅ | ကလေးများ ကောင်းမွန်စွာ ပညာ သင်ကြားနိုင်ရမည် | ၅ | ဆန်စက်ရှိသော ဈေး ရှိလာရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ပြောင်းဖူး၊ နှမ်း၊ ကုလားပဲ၊ သို့ ဖြန့်ဖြူးခြင်း | ကျား+မ | 37800000 | 2589 |
| ၂ | ရေကန်ဆောက်လုပ်ငန်း (တွင်း၊ ...) | ကျား+မ | 1500000 | 2589 |
| ၃ | ရေမြောင်း၊ ပြုပြင်ခြင်း၊ လုပ်ငန်း | ကျား+မ | 2500000 | 2589 |
| ၄ | ချောင်း ပြုပြင်ခြင်း လုပ်ငန်း | မ | 30000000 | 2589 |
| ၅ | စာသင်ကျောင်း၊ ပြုပြင်ခြင်း၊ လုပ်ငန်း၊ အ.ခ.က. ကျောင်း | ကျား+မ | 15000000 | 2589 |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | မ | |
| ၂ | ဖုန်းပြင်သင်တန်း | ကျား/မ | |
| ၃ | စက်ပြင်သင်တန်း | ကျား | |
| ၄ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | |
| ၅ | အလှပြင်သင်တန်း | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- [illegible] ---- လက်မှတ် ---- [illegible] ---- နေ့စွဲ 5.10.2017

# ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TF… အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်…စီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (…ခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဦးဂျိန်အောင်

နေ့စွဲ - 5.12.2017.

ပြည်နယ်/တိုင်း - ချင်း | မြို့နယ် - ချောင်းဆုံ

…ပေးပါ။(√) □စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄)

ကျေးရွာအုပ်စု - ကမာကေး

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | ဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ကမာကေး | ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း | | | □ ကျား □ မ □ ကျား+မ | | | | |
| | ၁. အရှေ့ပိုင်းလမ်း | <625'×12'×6"> | | | 11,500,000 | | \| | 11,500,000 |
| | ၂. မူကြိုလမ်း | <150'×12'×6"> | | □ ကျား □ မ □ ကျား+မ | 3,500,000 | | \| | 3,500,000 |
| | ၃. ဦးဆန့်ဦးလမ်း | <167'×10'×6"> | | | 2,500,000 | | \| | 2,500,000 |
| | ၄. စံပယ် - 8 လမ်း | <482'×10'×6"> | | | 6,700,000 | | \| | 6,700,000 |
| | ၅. စံပယ် - 1 လမ်း | <245'×10'×6"> | | □ ကျား □ မ □ ကျား+မ | 3,400,000 | | \| | 3,400,000 |
| | ၆. အရှေ့ပိုင်းလမ်း (ယာခင်းနှစ်အဆက်) | <178'×10'×6"> | | | 3,500,000 | | \| | 3,500,000 |
| | ၇. ကံကော် - (2) လမ်း | <235'×10'×6"> | | □ ကျား □ မ □ ကျား+မ | 3,400,000 | | \| | 3,400,000 |
| | ၈. စံပယ် - (4) လမ်း | <236'×10'×6"> | | | 3,300,000 | | \| | 3,300,000 |
| | ၉. စံပယ် - (5) လမ်း | <130'×10'×6"> | | □ ကျား □ မ □ ကျား+မ | 2,000,000 | | \| | 2,000,000 |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ - ဒေါ်တင်အောင် (5.12.2017)

## ၁၃။ အစည်းအဝေးမှတ်တမ်းများ

ကျေးရွာအမည် ။ ။ ကမာကေးကျေးရွာ

| | |
|---|---|
| ကျေးရွာအုပ်စု ။ | ။ ကမာကေး |
| ရက်စွဲ ။ | ။၄.၁၀.၂၀၁၇ |
| စတင်ချိန် ။ | ။၁၀း၀၀ |
| ပြီးဆုံးချိန် ။ | ။၃း၀၀ |
| အကြောင်းအရာ ။ | ။ ပထမအကြိမ် အစည်းအဝေး |
| အစီရင်ခံသူ ။ | ။ ဦးရန်နောင် |

ကမားကေးကျေးရွာအုပ်စု ကမာကေးကျေးရွာ မူကြိုကျောင်းတွင် (၄.၁၀.၂၀၁၇) ရက်နေ့ (၁၀) နာရီ အချိန်တွင် ကျေးရွာပထမအကြိမ် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အိမ်ထောင်စု (၂၆၇) စု တက်ရောက်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာ စကားပြောကြားခဲ့ပါသည်။ ဒုတိယနှစ်စီမံကိန်း ပြီးဆုံးသွားပြီးဖြစ်၍ တတိယနှစ်စက်ဝန်းစီမံကိန်း စတင်အကောင်အထည် ဖေါ်တော့မည်ဖြစ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိက ထား၍လုပ်ဆောင်သော လုပ်ငန်းဖြစ်ပြီး အားလုံးတိုင်ပင်ဆွေးနွေး၍ စုပေါင်းလုပ်ဆောင်ကြစေလိုကြောင်း ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး အတွက် ကျေးရွာရှိ လူတိုင်းတွင် တာဝန်ရှိပါကြောင်း ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင် လူဟောင်း နှင့် လူသစ် အတူ ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း၊ ကျေးရွာ လူထု မှလည်း မိမိ ကျေးရွာ၏ အမှန်တကယ် လိုအပ်သော ဖွံ့ဖြိုးရေး လုပ်ငန်းများကို သာ ရွေးခြယ်တင်ပြစေလိုကြောင်း၊ လူထုဗဟိုပြုစီမံကိန်းကြောင့် မိမိ တို့ ကမာကေးကျေးရွာတွင် လိုအပ်လျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်စည်းနိုင်ခဲ့၍ အရင်တုန်းကထက် ဖွံ့ဖြိုးတိုးတက်လာတာ မျက်မြင်ပဲဖြစ်ကြောင်း ၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ အကောင်အထည်ဖေါ်ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းနှင့်အတူ ကျေးရွာလူထု မှ ပူးပေါင်းပါဝင်၍ မိမိကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် ကူညီဆောင်ကြစေလိုကြောင်း၊ ပြောကြားခဲ့ပါသည်။

စီမံကိန်းမိတ်ဆက် (၁၅) ချက်ကို ဦးရန်နောင်မှ တင်ပြဆွေးနွေးခဲ့ပါသည်။ စီမံကိန်း စက်ဝန်း အကြောင်းကို ဒေါ်မိုးဖြူဝင်းမှ တင်ပြဆွေးနွေး ခဲ့ပါသည် ။ အဓိကတာဝန်ရှိသူများ ၏ အခန်းကဏ္ဍကို ဦးဟိန်းဆက်အောင်မှ တင်ပြဆွေးနွေး ခဲ့ပါသည်။ ထို့နောက် စေတနာ့ဝန်ထမ်းရွေးချယ်ရန် အတွက် စေတနာ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို ရှင်းပြ ခဲ့ပြီး စေတနာ့ ဝန်ထမ်း(၂) ဦးကိုရွေးခြယ်ခဲ့ပါသည်။

နေ့လည် (၁၂း၃၀) တွင်အစည်းအဝေးခနနား၍ နေ့လည် (၁)နာရီတွင်ပြန်စခဲ့ပါသည် ။ အစည်းအဝေး ပြန်စ ချိန်တွင် တက်ရောက်လာသူများအား အဖွဲ့ (၃) ဖွဲ့ခွဲ၍ PRA Tool သုံးသပ်ခဲ့ပြီး PRA Tool တစ်ခုချင်းစီ အလိုက် ပြန်လည်တင်ပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ဦးရန်နောင် မှ အစည်းအဝေးစတင်ချိန်မှစ၍ ယခုချိန်ထိ ဆွေးနွေးခဲ့သော အကြောင်းအရာများကို ပြန်လည် အနှစ်ချုပ် ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ညနေ (၃) နာရီအချိန်တွင် အစည်းအဝေးတက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး အစည်းအဝေးပြီးဆုံး ကြေိာငြာခဲ့ပြီး အစည်းအဝေးကို ပိတ်သိမ်းခဲ့ ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်ခင်နှင်းလွင်

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာအတွင်းကွန်ကရစ်ခင်းရန် လမ်းများကျန်ရှိနေသေးခြင်း။ |
| ၂ | ကျား/မ | ရေမြောင်းများ မကောင်းမွန်သဖြင့် ရေကြီးရေလျှံခြင်း |
| ၃ | ကျား/မ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးသဖြင့် ဝင်ငွေနည်းပါးခြင်း။ |
| ၄ | ကျား/မ | ဈေးရောင်းရန်နေရာအခက်အခဲရှိခြင်း |
| ၅ | ကျား/မ | ကျောင်းဆောင်နှင့် ကျောင်းသားအင်အား မမျှခြင်း။ |
| ၆ | မ | ရေရှားပါးသဖြင့် သောက်သုံးရေ မလုံလောက်ခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာအတွင်းရှိ လမ်းများအားလုံးကောင်းမွန်ရမည်။ |
| ၂ | ကျား/မ | ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရမည်။ |
| ၃ | ကျား/မ | အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလာရမည်။ |
| ၄ | ကျား/မ | စနစ်ကျသော ဈေးရှိလာရမည်။ |
| ၅ | ကျား/မ | ကလေးငယ်များ ကောင်းမွန်စွာပညာသင်ကြားနိုင်ရမည်။ |
| ၆ | မ | သောက်သုံးရေ လုံလောက်စွာရရှိရမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | ဖုန်းပြုပြင်နည်းသင်တန်း | ကျား | | |
| | ၃ | စက်ပြင်သင်တန်း | ကျား | | |
| | ၄ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | | |
| | ၅ | အလှပြင်သင်တန်း | မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။